2021.06(၂၀၂၁ ခုနှစ် မေလ)

# Sumitomo လျှပ်စစ်လုပ်ငန်းစု

# ၏

# ပစ္စည်းပေးသွင်းသူ

# ကျင့်ဝတ်

# မာတိကာ

| | |
|---|---|
| **ဥပဒေနှင့်အညီဆောင်ရွက်ရန် ကတိကဝတ်** | -အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေများကို လိုက်နာပေး ရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။<br>-ကျွန်ုပ်တို့သည် ယှဉ်ပြိုင်မှုဥပဒေများကို လိုက်နာပေးရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။<br>- SEG ၏ ဉာဏပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်ရန် ကျွန်ုပ်တို့ မျှော် လင့်ပါသည်။<br>- နိုင်ငံတကာကုန်သွယ်ရေးဥပဒေများကို လိုက်နာရန် မျှော်လင့် ပါသည်။ |
| **တာဝန်ယူမှုရှိသော ရင်းမြစ်ရှာဖွေခြင်းအတွက် ကတိကဝတ်** | - ထောက်ပံ့ရေးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်ခြင်း<br>- ပဋိပက္ခဖြစ်ပွားရာဒေသရှိတွင်းထွက်ပစ္စည်းများ<br>-တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ရင်းမြစ်ရှာဖွေမှု ဆိုင်ရာ အမူအကျင့်များ |
| **လူပုဂ္ဂိုလ်များဆိုင်ရာ ကတိကဝတ်** | -အလုပ်ခန့်ထားမှုဆိုင်ရာဥပဒေများကို လိုက်နာမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။<br>- ကျွန်ုပ်တို့သည် အဓမ္မလုပ်သားအသုံးပြုခြင်းကို ဆန့်ကျင် သည်။<br>- ကျွန်ုပ်တို့သည် ကလေးလုပ်သားအသုံးပြုခြင်းကို ဆန့်ကျင် သည်။<br>- ကျွန်ုပ်တို့သည် မည်သည့်ပုံစံနှင့်မဆို လူကုန်ကူးခြင်းကို ဆန့်ကျင်သည်။<br>- ကျွန်ုပ်တို့သည် ထိပါးနှောင့်ယှက်ခြင်းကို ဆန့်ကျင်သည်။<br>- ကျွန်ုပ်တို့သည် ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်ပြီး မတူ ကွဲပြားမှုကို အားပေးသည်။<br>- ကျွန်ုပ်တို့သည် အလုပ်သမားများ၏ သမဂ္ဂဖွဲ့ပိုင်ခွင့်များကို  လေးစားသည်။<br>- ကျွန်ုပ်တို့သည် ဘေးကင်းလုံခြုံသော လုပ်ငန်းဝန်းကျင်များ ဖန်တီးပေးရန်  ကတိကဝတ်ပြုသည်။<br>-ကျွန်ုပ်တို့သည် ကိုယ်ရေးအချက်အလက်များကို အကာ အကွယ်ပေးပါမည်။ |
| **လူ့အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ်** | -ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့် ရှောက်ရန် ကတိကဝတ်ပြုသည်။<br>-ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ် လုပ်ကိုင် လျက်ရှိသည့် လူ့အဖွဲ့အစည်းများ တိုးတက်လာစေရန် ကတိ ကဝတ်ပြုသည်။ |
| **လေးစားလိုက်နာမှုနှင့် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်** | -ဝန်ထမ်းများအနေဖြင့် မပြေလည်မှုတစ်စုံရှိပါက တိုင်ကြား တင်ပြရန်နည်းလမ်းများကို ပစ္စည်းပေးသွင်းသူများမှ ပြင်ဆင် ထားရှိပေးစေလိုပါသည်။<br>-ပစ္စည်းပေးသွင်းသူများအနေဖြင့် လုပ်ငန်းဆိုင်ရာ သတင်း အချက်အလက်များကို တိတိကျကျ ထိန်းသိမ်းထားရှိ ပေးစေလို ပါသည်။<br>-ပစ္စည်းပေးသွင်းသူများအနေဖြင့် သင့်တော်သော လေးစား လိုက်နာမှုနှင့် ကျင့်ဝတ်ဦးဆောင်မှုများကို ကျင့်သုံးစေလိုပါ သည်။ |
| **ဤကျင့်ဝတ်နှင့် သက်ဆိုင်သည့် ကိစ္စရပ် များ** | (SEG Hotline)<br>(စာရင်းစစ်/ပြန်လည်သုံးသပ်/ အချက်အလက် တောင်းခံခြင်း)<br>(ဆက်သွယ်ရန်) |

### Sumitomo ၏ စိတ်ဓာတ်

**Banji-nissei** – လုပ်ငန်းတွင်သာမက သင့်ဘဝ၏အခြေအနေတိုင်းတွင် အရိုးသားဆုံး လုပ်ကိုင်ဆောင်ရွက်ပါ။

**Shinyo-kakujitsu** – ရိုးသားဖြောင့်မတ်ခြင်းနှင့် ကောင်းမွန်သောစီမံခန့်ခွဲမှုအတွက် ဦးစားပေးဆောင်ရွက်ပါ။

**Fusu-furi** – အမြတ်အစွန်းလွယ်လွယ်ရရှိစေရန်အတွက် ရိုးသားဖြောင့်မတ်မှုကို မစတေးပါနှင့်။

## Sumitomo လျှပ်စစ်လုပ်ငန်းစု

## ပစ္စည်းပေးသွင်းသူ ကျင့်ဝတ်

Sumitomo လျှပ်စစ်လုပ်ငန်းစု ("**SEG**") ကို ရိုးသားဖြောင့်မတ်မှုနှင့် လုပ်ငန်းကျင့်ဝတ်များပေါ် အလေးအနက်ထားလျက် Sumitomo စိတ်ဓာတ်ဖြင့် ထိန်းကျောင်းလမ်းညွှန်လာသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်သည်။ မျှတ၍ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုများမှတဆင့် လူ့အဖွဲ့အစည်းတွင် ပါဝင်အားဖြည့်ရန်နှင့် ရိုးသားဖြောင့်မတ်မှုနှင့် လုပ်ငန်းကျင့်ဝတ်များအပေါ် ကတိကဝတ်ပြုသော ပစ္စည်းပေးသွင်းသူများနှင့် လက်တွဲလုပ်ဆောင်ရန် SEG က အမြဲရှာဖွေလျက်ရှိသည်။

ဤပစ္စည်းပေးသွင်းသူကျင့်ဝတ် ("**ကျင့်ဝတ်**") တွင် ပစ္စည်းပေးသွင်းသူ၊ တဆင့်ခံကန်ထရိုက်၊ အေးဂျင့်၊ အတိုင်ပင်ခံ၊ ဖြန့်ချိသူများ သို့မဟုတ် ၎င်း၏ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအတွက် SEG ထံမှ ငွေပေးချေမှုလက်ခံရရှိသည့် အခြားစာချုပ်ဝင်တို့ပါဝင်သည့် ကျွန်ုပ်တို့ SEG ၏ ပစ္စည်းပေးသွင်းသူများအပေါ် ထားရှိသည့်မျှော်မှန်းချက်များကို သတ်မှတ်ဖော်ပြထားသည်။

SEG တွင် ကျွန်ုပ်တို့၏ အလုံးစုံအောင်မြင်မှုအတွက် ပစ္စည်းပေးသွင်းသူများသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း ကျွန်ုပ်တို့ နားလည်သိရှိပါသည်။ ပစ္စည်းပေးသွင်းသူများသည် ကျွန်ုပ်တို့၏ လုပ်ငန်းတွင် ပါဝင်အားဖြည့်သည်များအတွက်

ကျွန်ုပ်တို့အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် ရိုးသားဖြောင့်မတ်ရန်နှင့် လုပ်ငန်းကို ဥပဒေနှင့်အညီလုပ်ဆောင်ရန် ကတိကဝတ်ပြု သော ပစ္စည်းပေးသွင်းသူများနှင့် လက်တွဲလုပ်ဆောင်ရန် ရွေးချယ်ပါသည်။ ပစ္စည်းပေးသွင်းသူများ အနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်နှင့် မိမိတို့၏ ထောက်ပံ့ရေးကွင်းဆက်များတွင် အလားတူမျှော်မှန်းချက်များချမှတ်ဆောင်ရွက်ရန် SEG မှ တောင်းဆိုပါသည်။

## ဥပဒေနှင့်အညီလုပ်ဆောင်ရန် ကတိကဝတ်

ပစ္စည်းပေးသွင်းသူများအနေဖြင့် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ အားလုံးနှင့်အညီ လုပ်ငန်းဆောင်ရွက်ချက်များ လုပ်ဆောင်ရန် SEG မှ မျှော်လင့်ပါသည်။

### အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဥပဒေများကို လိုက်နာရန်

လာဘ်ပေးလာဘ်ယူမှုများသည် လူ့အသိုင်းအဝိုင်းများအပေါ် များစွာဘေးဖြစ်စေပြီး SEG အတွက် ကြီးမားသောထိခိုက်မှုလည်း ဖြစ်စေနိုင်သည်။ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေဖြင့် သက်ဆိုင်ရာ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေအားလုံးကို လိုက်နာရန် SEG မှ မျှော်လင့်ပါသည်။ ထို့ပြင် ပစ္စည်းပေးသွင်းသူတစ်ဦးသည် SEG ကိုယ်စား အစိုးရအရာရှိတစ်ဦးနှင့် ပြောဆိုဆောင်ရွက်သောအခါ မမှန်ကန်သော လုပ်ငန်းအခွင့်အရေးရရှိစေရန်အတွက် တန်ဖိုးရှိသည့် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကမ်းလှမ်းခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် ရယူခြင်းများ ပြုလုပ်ခြင်းအား လုံးဝ တားမြစ်သည်။

### ယှဉ်ပြိုင်မှုဥပဒေများကို လိုက်နာရန်

SEG သည် ယှဉ်ပြိုင်မှုနှင့် လက်ဝါးကြီးအုပ်မှု အကာအကွယ်ပေးရေး ဥပဒေများကို လိုက်နာရန် ကတိကဝတ်ပြုပြီး ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအနေဖြင့်လည်း အလားတူ ကတိကဝတ်ပြုရန် မျှော်လင့်သည်။

### SEG ၏ ဉာဏပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်ရန်

ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်နွယ်စဉ်အတွင်း ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများမှ ရရှိသော SEG ၏ ဉာဏပစ္စည်းမူပိုင်ခွင့်တစ်ရပ်ရပ်ကို ကာကွယ်ရန် SEG မှ မျှော်လင့်သည်။

### နိုင်ငံတကာကုန်သွယ်ရေးဥပဒေများကို လိုက်နာရန်

SEG သည် ကမ္ဘာ့လုံးဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့အပြားတည်ရှိသည့် ပစ္စည်းပေးသွင်းသူများ ပိုင်ဆိုင်ထားခြင်းအတွက် ဂုဏ်ယူပါသည်။ ပစ္စည်းပေးသွင်းသူများအနေဖြင့် သက်ဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အခြား နိုင်ငံတကာကုန်သွယ်ရေးလိုအပ်ချက်များကို လေးစားလိုက်နာရန် ကျွန်ုပ်တို့မှ မျှော်လင့်ပါသည်။

## တာဝန်ယူမှုရှိသော ရင်းမြစ်ရှာဖွေခြင်းအတွက် ကတိကဝတ်

### ထောက်ပံ့ရေးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်ခြင်း

ထောက်ပံ့ရေးကွင်းဆက်များကို ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်းသည် ဝယ်ယူသူနှင့် ရင်းနှီးမြှုပ်နှံသူများအပါအဝင် ကျွန်ုပ်တို့လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအတွက် တဖြည်းဖြည်း အရေးကြီးလာသည်။ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများအတွက် လူမှုရေးရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည်။ ထောက်ပံ့ရေးကွင်းဆက် တွင် ရေရှည်တည်တံ့သော စွမ်းဆောင်နိုင်ရည်များ တိုးတက်စေရန်အတွက် ကျွန်ုပ်တို့သည် ပစ္စည်း ပေးသွင်းသူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မဟာဗျူဟာကျသော နေရာများ တွင် ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ပါမည်။

### ပဋိပက္ခဖြစ်ပွားရာဒေသရှိတွင်းထွက်ပစ္စည်းများ

အထူးသဖြင့် SEG ၏ ပစ္စည်းပေးသွင်းသူများသည် ထုတ်ကုန်များတွင် ပဋိပက္ခဖြစ်ပွားရာဒေသရှိ တွင်းထွက်ပစ္စည်းများ (သံဖြူ၊ တန်တလန်၊ တန်စတင်နှင့် ရွှေ) ပါဝင်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် သင့်တော်သောအဆင့်များဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ၎င်းတို့ပါဝင်ပါက ထိုတွင်းထွက်ပစ္စည်းများ၏

ရင်းမြစ်ကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် လုပ်ငန်းစဉ်များ ဖော်ဆောင်ရန်နှင့် ထိုသို့မဟုတ်ပါက ပဋိပက္ခဖြစ်ပွားရာဒေသရှိတွင်းထွက်ပစ္စည်းများကို ထုတ်ယူခြင်းနှင့် အသုံးပြုခြင်းအား ထိန်းချုပ်သည့် အကျုံးဝင်သော ဥပဒေ၊ စည်းမျဉ်းများအားလုံးကို လိုက်နာရမည်ဖြစ်သည်။ ပစ္စည်းပေးသွင်းသူများက ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ (“**DRC**”) နှင့် ယင်းနှင့်ထိစပ်နေသောနိုင်ငံများကို – တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ – ငွေကြေးပံ့ပိုးသော သို့မဟုတ် အကျိုးဖြစ်ထွန်းစေသော ထိုပဋိပက္ခတွင်းထွက် ပစ္စည်းများကို အသုံးမပြုရန် ကျွန်ုပ်တို့က မျှော်လင့်သည်။

### တာဝန်ခံမှုရှိပြီးရေရှည်တည်တံ့သော ရင်းမြစ်ရှာဖွေမှုဆိုင်ရာ အမူအကျင့်များ

DRC သည် ကမ္ဘာ့အကြီးဆုံး ကိုဘော့သတ္တုထုတ်လုပ်သူလည်းဖြစ်သည်။ ကိုဘော့သတ္တု တူးဖော်ခြင်း သည် ပဋိပက္ခဖြစ်ပွားရာဒေသရှိတွင်းထွက်ပစ္စည်းများနည်းတူ ပြဿနာရှိပြီး စိုးရိမ်ရသည့်အရာ ဖြစ်လာ သည်။

ကိုဘော့နှင့် အခြားတွင်းထွက်ပစ္စည်းများ အပါအဝင် ကုန်ကြမ်းအားလုံးကို ရင်းမြစ်ရှာဖွေရာတွင် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော အမူအကျင့်များကျင့်သုံးရန် ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ ကို တိုက်တွန်းသည်။ အထူးသဖြင့် ပဋိပက္ခသက်ရောက်၍ အန္တရာယ်ဖြစ်နိုင်ခြေများသော နေရာများရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ လူ့အခွင့်အရေး၊ အခြားလူမှုပြဿနာများနှင့်ပတ်သက်၍ ပြောင်းလဲသတ်မှတ်သည့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား ထည့်သွင်း စဉ်းစားရန် ကျွန်ုပ်တို့၏ပစ္စည်းပေးသွင်းသူအားလုံးကို တိုက်တွန်းသည်။

## လူ့ပုဂ္ဂိုလ်များဆိုင်ရာကတိကဝတ်

SEG သည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ကတိကဝတ်ပြုထားသည်။ ကတိကဝတ်တွင် ကျွန်ုပ်တို့လုပ်ဆောင်ချက်များကြောင့်ဖြစ်သည့် ဆိုးရွားသော လူ့အခွင့်အရေးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် လျှော့ပါးသက်သာစေရန်လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။ ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသော နိုင်ငံတကာ လူ့အခွင့်အရေး

စံချိန်စံညွှန်းများကို ကတိကဝတ်ပြုခြင်းအပါအဝင် ပစ္စည်းပေးသွင်းသူများသည် လူ့အခွင့်အရေးများကို ကျွန်ုပ်တို့နှင့်တန်းတူ လေးစားရန် မျှော်လင့်သည်။

## အလုပ်ခန့်ထားမှုဆိုင်ရာဥပဒေများကို လိုက်နာရန် ကျွန်ုပ်တို့က မျှော်လင့်သည်

သက်ဆိုင်မှုရှိပါက အလုပ်ခန့်ထားမှုဆိုင်ရာစာချုပ်များအပါအဝင် အလုပ်လုပ်ချိန်၊ လုပ်အားခ၊ ခံစားခွင့်နှင့် အခြား ဝန်ထမ်းခန့်အပ်ခြင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များကို စည်းကြပ်သည့် သက်ဆိုင်ရာ ဥပဒေအားလုံးကို ပစ္စည်းပေးသွင်းများက လိုက်နာရန် SEG က မျှော်လင့်သည်။

## အဓမ္မလုပ်သားအသုံးပြုခြင်းကို ကျွန်ုပ်တို့က ဆန့်ကျင်သည်

ကျွန်လုပ်သား သို့မဟုတ် အဓမ္မ၊ အတင်းအကျပ် သို့မဟုတ် စိတ်အလိုကျမဟုတ်သော လုပ်သားတစ်မျိုးမျိုးကို – တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ – အသုံးပြုသည့် ပစ္စည်းပေးသွင်းသူများနှင့် SEG သည် အလုပ်တွဲလုပ်မည် မဟုတ်ပါ။ ပစ္စည်းပေးသွင်းသူများသည် ဝန်ထမ်း သို့မဟုတ် လုပ်သားအဖွဲ့ဝင်တစ်ဦးဦး၏ နိုင်ငံကူးလက်မှတ်၊ အစိုးရမှတရားဝင်ထုတ်ပေး ထားသော မှတ်ပုံတင်စာရွက်စာတမ်းများ သို့မဟုတ် အလုပ်ပါမစ်တို့ကို ပေးအပ်ထားရန် အလုပ် ခန့်အပ်မှု၏ စည်းမျဉ်းအနေနှင့် မည်သည့်အခါမျှ တောင်းဆိုခြင်းမပြုရ။

## ကလေးလုပ်သားအသုံးပြုခြင်းကို ကျွန်ုပ်တို့က ဆန့်ကျင်သည်

လုပ်ငန်းဆောင်ရွက်ရာတွင် – တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ – တရားမဝင်သော ကလေးလုပ်သားအသုံးပြုသည့် ပစ္စည်းပေးသွင်းသူများနှင့် SEG သည် အလုပ်တွဲလုပ်မည် မဟုတ်ပါ။ ထိုရည်ရွယ်ချက်များအတွက် "ကလေး" ဟုဆိုရာတွင် လုပ်ငန်းနေရာရှိ ဥပဒေကသတ်မှတ်ထားသော အနိမ့်ဆုံးအသက်အောက်ရှိသူများကို ရည်ညွှန်းသော်လည်း မည်သည့်အခြေအနေတွင်မဆို ၁၅ နှစ်အောက်ရှိ (၁၅နှစ်မပြည့်သေးသော) ကလေးသူငယ်များ၏လုပ်အားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြု သော ပစ္စည်းပေးသွင်းများနှင့် SEG သည် အလုပ်တွဲလုပ်မည်မဟုတ်ပါ။

## မည်သည့်ပုံစံနှင့်မဆို လူကုန်ကူးခြင်းကို ကျွန်ုပ်တို့က ဆန့်ကျင်သည်

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူကုန်ကူးခြင်းတွင် ပါဝင်ပတ်သက်သော ပစ္စည်းပေးသွင်းသူများနှင့် SEG က အလုပ်တွဲလုပ်မည်မဟုတ်ပါ။

## ကျွန်ုပ်တို့သည် ထိပါးနှောင့်ယှက်ခြင်းကို ဆန့်ကျင်သည်

ပစ္စည်းပေးသွင်းသူများသည် ၎င်းတို့၏လုပ်အားစုများကို လူသားအားလုံး ခံစားခွင့်ရှိသော ဂုဏ်သိက္ခာ၊ လေးစားမှုတို့နှင့် ဆက်ဆံမည်ဟု SEG က မျှော်လင့်သည်။ ပစ္စည်းပေးသွင်းသူများသည် ဝန်ထမ်းများကို ထိပါးနှောင့်ယှက်ခြင်း သို့မဟုတ် အခြား အနိုင်အထက်ပြုခြင်းတို့အား ခွင့်မပြုသည့် အလုပ်ရပ်ဝန်းတစ်ခုကို ဖန်တီးသင့်သည်။

## ကျွန်ုပ်တို့သည် ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်ပြီး မတူကွဲပြားမှုကို အားပေးသည်

ပစ္စည်းပေးသွင်းသူများသည် လူမျိုး၊ တိုင်းရင်းသားဖြစ်မှု၊ မူလနိုင်ငံ၊ ကိုးကွယ်သည့်ဘာသာ၊ အသက်၊ ကျား/မ၊ လိင်ခံယူချက်၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းဖြစ်မှု သို့မဟုတ် ဥပဒေများက အကာအကွယ်ပေးထားသော အခြားစရိုက်လက္ခဏာများပေါ် အခြေခံ၍ ဥပဒေနှင့်မညီသော ခွဲခြားဆက်ဆံခြင်းမရှိဘဲ ဝန်ထမ်းနှင့် လျှောက်ထားသူများကို အလုပ်ခန့်အပ်ခြင်းဆိုင်ရာအခွင့်အလမ်း တူညီစွာပေးအပ်ရန် SEG က မျှော်လင့်သည်။

ပစ္စည်းပေးသွင်းသူများသည် ၎င်း၏ လုပ်ငန်းခွင်အတွင်း မတူကွဲပြားမှုကို အားပေးရန်နှင့် အားလုံးပါဝင်၍ လူမျိုးပေါင်းစုံသော ယဉ်ကျေးမှုကို ပျိုးထောင်ရန် SEG က တိုက်တွန်းသည်။

## ကျွန်ုပ်တို့သည် အလုပ်သမားများ၏ သမဂ္ဂဖွဲ့ပိုင်ခွင့်များကို လေးစားသည်

အကျုံးဝင်သော ဥပဒေနှင့်အညီ သမဂ္ဂဖွဲ့ရန် သို့မဟုတ် သမဂ္ဂမဖွဲ့ရန် အလုပ်သမားများ၏ အခွင့်အရေးများကို ပစ္စည်းပေးသွင်းသူများအနေဖြင့် လေးစားရန် SEG က မျှော်လင့်သည်။

## ကျွန်ုပ်တို့သည် ဘေးကင်းလုံခြုံသော လုပ်ငန်းရပ်ဝန်းများဖန်တီးပေးရန် ကတိကဝတ်ပြုသည်

ပစ္စည်းပေးသွင်းသူများသည် ၎င်းတို့၏ ဝန်ထမ်းများ၊ ညှော်သည်များနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကြောင့် သက်ရောက်နိုင်ခြေရှိသော အခြားသူများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို အကာအကွယ်ပေးရန် SEG က မျှော်လင့်သည်။ ပစ္စည်းပေးသွင်းသူများသည် သက်ဆိုင်ရာ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်နာရမည်။

### ကိုယ်ရေးအချက်အလက်ကို ကာကွယ်စောင့်ရှောက်ရန်

ပစ္စည်းပေးသွင်းသူများသည် ဝန်ထမ်းများ၊ ဝယ်ယူသူနှင့် အခြားသက်ဆိုင်သူများ၏ ကိုယ်ရေးအချက်အလက်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် သက်ဆိုင်ရာဥပဒေများအားလုံးကို လေးစားလိုက်နာရန် SEG က မျှော်လင့်သည်။ ထို့ပြင် ကိုယ်ရေးအချက်အလက်လုံခြုံမှုဥပဒေကို ပစ္စည်းပေးသွင်းသူက သို့မဟုတ် SEG ပေါ် သက်ရောက်မှုရှိသည့် ပစ္စည်းပေးသွင်းသူနှင့် လုပ်ငန်းတွဲလုပ်သည့် အဖွဲ့က တစ်နည်းနည်းဖြင့် ချိုးဖောက်ခြင်းရှိပါက ပစ္စည်းပေးသွင်းသူများသည် SEG အား ချက်ချင်းအသိပေးရမည်။

## လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သော ကတိကဝတ်

### ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန် ကတိကဝတ်ပြုသည်

SEG သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်ပေါ် သက်ရောက်သည်များကို လျှော့ချရန် ကတိကဝတ်ပြုသည်။ ပစ္စည်းပေးသွင်းသူများအနေဖြင့်လည်း ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကြောင့် သဘာဝပတ်ဝန်း ကျင်ပေါ် သက်ရောက်မှုကို လျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးဖြစ်နိုင်ခြေများကို စီမံခန့်ခွဲ ရန်နှင့် သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်နာ ရန် ကျွန်ုပ်တို့က မျှော်လင့်သည်။ အထူးသဖြင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို လျှော့ချခြင်း၊ စွမ်းအင်အလေအလွင့်နည်းစေခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်း၊ စွမ်းအင်၊ ရေနှင့် ကုန်ကြမ်းပစ္စည်းများကို

အကျိုးရှိရှိအသုံးပြုခြင်းနှင့် ရေရှည်တည်တံ့သော ရင်းမြစ်များစီမံခန့်ခွဲခြင်းနှင့် စွန့်ပစ်ပစ္စည်းလျှော့ချခြင်း လုပ်ငန်းစဉ်များကို ချမှတ်ခြင်းစသည့် အချက်များကို ပစ္စည်းပေးသွင်းသူများအနေဖြင့် အဓိကကဂရုပြုရန် SEG မှ တိုက်တွန်းလိုပါသည်။

**ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ် လုပ်ကိုင် လျက်ရှိသည့် လူ့အဖွဲ့အစည်းများ တိုးတက်လာစေရန် ကတိ ကဝတ်ပြုသည်။**

SEG လုပ်ငန်းစု ၏ လုပ်ငန်းမူတစ်ရပ်မှာ ကျွန်ုပ်တို့၏ လူမှုရေးတာဝန်ယူမှုကို ခိုင်ခိုင်မာမာသိရှိ၍ ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် ပါဝင်ကူညီအားဖြည့်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ လုပ်ငန်းမူအတိုင်း ပစ္စည်းပေးသွင်းသူများအနေဖြင့်လည်း အလားတူ ကတိကဝတ်ထားရှိရန် မျှော်လင့်သည်။

## လေးစားလိုက်နာမှုနှင့် လုပ်ငန်းကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်

**ပစ္စည်းပေးသွင်းသူများအနေဖြင့် ဝန်ထမ်းများအတွက် မပြေလည်မှုတစ်စုံတစ်ရာရှိပါက တိုင်ကြားတင်ပြရန်အတွက် နည်းလမ်းများ ပြင်ဆင်ထားရှိပေးရန်**

ဥပဒေချိုးဖောက်ကြောင်း သံသယရှိပါက သို့မဟုတ် မပြေလည်မှုတစ်စုံတစ်ရာရှိပါက တန်ပြန်သက်ရောက်မှုအတွက် ကြောက်ရွံ့ခြင်းမရှိဘဲ ဝန်ထမ်းများက တိုင်ကြားနိုင်သည့်နေရာများကို ပစ္စည်းပေးသွင်းသူများက ထားရှိပေးရန် SEG က မျှော်လင့်သည်။ တိုင်ကြားလာသည့် မပြေလည်မှု များကို ပစ္စည်းပေးသွင်းသူများက သင့်တော်စွာ တုံ့ပြန်မည်ဟုလည်း ကျွန်ုပ်တို့က မျှော်လင့်သည်။

**ပစ္စည်းပေးသွင်းသူများအနေဖြင့် လုပ်ငန်းဆိုင်ရာအချက်အလက်များကို တိတိကျကျ ထိန်းသိမ်းထားရှိရန်**

ပစ္စည်းပေးသွင်းသူများသည် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းအားလုံး (အရည်အသွေးဆိုင်ရာ စာရွက်စာတမ်းများ အပါအဝင်) ကို တိကျစွာ၊ ယုံကြည်စိတ်ချစွာနှင့် အချိန်မှန် ပြီးမြောက်အောင် ဖြည့်စွက်ပေးစေလိုပါသည်။ ပစ္စည်းပေးသွင်းသူများသည် ပုံမှန် တင်သွင်းရသော ဘဏ္ဍာရေး အစီရင်ခံ

စာများအပါအဝင် အစိုးရအဖွဲ့အစည်းများထံ တင်သွင်းရသည့် အစီရင်ခံစာနှင့် စာရွက်စာတမ်းများတွင် အချက်အလက်ပြည့်စုံ၍ မှန်ကန်တိကျသော တင်ပြချက်များ ဖြစ်စေရန် လိုအပ်သည်။ လိုအပ်ပါက ပစ္စည်းပေးသွင်းသူများ၏ စာရွက်စာတမ်းများကို မှန်ကန်စွာ ခွင့်ပြုချက်ရယူထားရမည်ဖြစ်သည်။ ထို့ပြင် ပစ္စည်းပေးသွင်းသူများ၏ ဘဏ္ဍာရေးလုပ်ဆောင်ချက်များကို မှတ်တမ်းတင်ရာတွင် သက်ဆိုင်ရာ ဥပဒေများ၊ စာရင်းဆိုင်ရာကျင့်သုံးလိုက်နာရန်များကို လိုက်နာရမည်။ ပစ္စည်းပေးသွင်းသူများသည် ၎င်းတို့၏ စာရွက်စာတမ်းနှင့် မှတ်တမ်းများတွင် မှားယွင်းသော သို့မဟုတ် လွဲမှားစေသော အချက် ဖြည့်သွင်းခြင်းများမပြုလုပ်ရ၊ မှတ်တမ်းတင်ရန်လိုအပ်သော အချက်အလက်ကို မည်သည့်အခါတွင် ဖြစ်စေ မှတ်တမ်းမှ ချန်လှပ်ထားခြင်းမပြုရ။

**ပစ္စည်းပေးသွင်းသူများအနေဖြင့် သင့်တော်သော လေးစားလိုက်နာမှုနှင့် ကျင့်ဝတ်ဦးဆောင်မှုများကို ကျင့်သုံးလိုက်နာရန်**

ပစ္စည်းပေးသွင်းသူများအနေဖြင့် ၎င်းတို့လုပ်ငန်းများ၏ အရွယ်အစား၊ လုပ်ငန်းသဘာဝတို့နှင့် အတတ်နိုင်ဆုံး ကိုက်ညီမှုရှိသည့် အတိုင်းအတာအလျောက် ထိရောက်သောလေးစားလိုက်နာမှုနှင့် မိမိတို့ကိုယ်ပိုင်ကျင့်ဝတ်အစီအစဉ်များကို (ဖော်ဆောင်)ကျင့်သုံးရန် SEG မှ မျှော်လင့်သည်။ ပစ္စည်းပေးသွင်းသူများသည် ၎င်းတို့ချမှတ်ထားသည့် ကိုယ်ပိုင်ကျင့်ဝတ်စည်းမျဉ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ အဖွဲ့အစည်းများအတွင်း ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်မှုများ အပါအဝင် လေးစားလိုက်နာမှုနှင့် လုပ်ငန်းကျင့်ဝတ် ယဉ်ကျေးမှုတစ်ရပ်အား ပျိုးထောင်ရန် SEG မှ တိုက်တွန်းလိုပါသည်။

## ဤကျင့်ဝတ်စည်းမျဉ်းနှင့် ဆက်စပ်သည့် ပြဿနာများ

ပစ္စည်းပေးသွင်းသူများ (သို့မဟုတ် ၎င်းတို့၏ ဝန်ထမ်းများသည်) ဤကျင့်ဝတ်စည်းမျဉ်းက လွှမ်းမိုးထိန်းချုပ်သော ပြဿနာများနှင့် ပတ်သက်သည့် မပြေလည်မှုများကို SEG သို့ အသိပေးနိုင်သည်။ ဤကျင့်ဝတ်စည်းမျဉ်းနှင့်ပတ်သက်၍ မပြေလည်မှုတစ်စုံတစ်ရာရှိပါက သင်၏ အဓိကလုပ်ငန်း အဆက်အသွယ်ထံသို့ အသိပေးပြောကြားစေလိုပါသည်။ ယင်းကဲ့သို့ ဆက်သွယ်ပြောကြားရန်

အဆင်မပြေပါက https://sumitomoelectric.com/compliance-hotlines ကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

ပစ္စည်းပေးသွင်းသူ၏လုပ်ငန်းမှာ ဤကျင့်ဝတ်စည်းမျဉ်းနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် SEG တွင် စာရင်းစစ်ပိုင်ခွင့် သို့မဟုတ် စစ်ဆေးပိုင်ခွင့်ရှိသည်။

ဥပဒေကိုလိုက်နာ၍ ကျင့်ဝတ်ရှိသော၊ တာဝန်ယူမှုရှိသော လုပ်ငန်းပိုင်းဆိုင်ရာအလေ့အထများကို လိုက်နာရန် ကတိကဝတ်ပြုထားသည့် ပစ္စည်းပေးသွင်းသူများနှင့်သာ SEG မှ လုပ်ငန်းဆောင်ရွက်လိုသောကြောင့် ပစ္စည်းပေးသွင်းသူသည် ဥပဒေကို ချိုးဖောက်ကြောင်း သို့မဟုတ် ဤကျင့်ဝတ်စည်းမျဉ်းကို လိုက်နာရန် ပျက်ကွက်ကြောင်း သိရှိပါက ကျွန်ုပ်တို့၏ လုပ်ငန်းလက်တွဲ လုပ်ဆောင်မှုဆိုင်ရာစည်းမျဉ်းများကို ပြန်လည်သုံးသပ်ပါမည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ ပစ္စည်းပေးသွင်းသူများ၏ ဤကျင့်ဝတ်စည်းမျဉ်းကိုလိုက်နာကြောင်းဆိုင်ရာအချက်အလက်များကို SEG က တောင်းဆိုနိုင်သည်။

ဤကျင့်ဝတ်စည်းမျဉ်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာသိရှိမေးမြန်းလိုပါက scoc-queries@info.sei.co.jp ကို ကျေးဇူးပြု၍ဆက်သွယ်ပါ။